

ရှောရှန့်က စိုးမကျ
လင်းတင့်သိဟ
RITA HAYWORTH
AND SHAWSHANK REDEMPTION
STEPHEN KING

အမေရိကက ဖယ်ဒရယ်ထောင်တိုင်းမှာ ကျုပ်ကို လူတစ်ယောက်တော့ အမြဲတမ်းရှိမယ် ထင်သဗျ။ ခင်ဗျား လိုချင်တာတွေကို ရှာပေးနိုင်တဲ့ လူတစ်ယောက်ပေ့ါ။ ရိုးရိုးစီးကရက်လား၊ ဟိုအရွက် ဒီအရွက်လေးတွေ ထည့်လိပ်ထားတဲ့ ဆေးလိပ်လား (ကြိုက်တတ်ရင်ပေ့ါလေ)။ ခင်ဗျားသား၊ ဒါမှ မဟုတ် သမီး အထက်တန်းအောင်တဲ့ အထိမ်းအမှတ်အောင်ပွဲခံဖို့ ဘရန်ဒီ ခပ်ပြင်းပြင်း တစ်ပုလင်းလား။ လိုချင်တာသာပြောဗျာ၊ အားလုံးနီးနီး ရစေရမယ်။ နှစ်ဦးနှစ်ဖက် အဆင်ပြေနေသရွေ့ပေ့ါလေ။ ဟိုအရင်တုန်းကတော့ ခုလို ဘယ်ဟုတ်ပ့ါမလဲ။

ကျုပ် ရှောရှန့်ကိုရောက်တော့ အသက်နှစ်ဆယ် စွန်းစွန်းပဲ ရှိသေးတယ်။ လုပ်ခဲ့မိတဲ့ ကိစ္စတစ်ခုအတွက် ဒီရောက်လာရတာ ထိုက်တန်ပါတယ် ဆိုပြီး နှလုံးသွင်းတဲ့ သူ ဒီပျော်စရာ ရှောရှန့်မိသားစုလေးထဲမှာ သိပ်များများ စားစား မရှိလှဘူး။ ကျုပ်က အဲဒီ လူအနည်းစုထဲက တစ်ယောက်ပေ့ါ။ ကျုပ် လူသတ်ခဲ့တယ်ဗျ။ ကျုပ်မိန်းမက ကျုပ်ထက် အသက်သုံးနှစ် ကြီးတယ်။ သူ့အတွက် အသက်အာမခံကို ကျုပ် ခပ်များများ ဝယ်ထားလိုက်တယ်။ ပြီးတော့ ကျုပ်တို့ မင်္ဂလာလက်ဖွဲ့ အနေနဲ့ သူ့အဖေကြီး ပေးထားတဲ့ ချက်ပလက်ကားရဲ့ ဘရိတ်ကို နည်းနည်း ပြင်ထားလိုက်တယ်။ အရာအားလုံးက ကျုပ် စီမံထားတဲ့ အတိုင်း နေသားတကျပါပဲ။ အဲ... မြို့ထဲကို ကျုပ်မိန်းမ ပြန်လာတဲ့ အခါ အိမ်နီးချင်း အမျိုးသမီး တစ်ယောက်နဲ့ ကလေးပေါက်စလေးကို လမ်းကြိုတင်ခေါ်လာမယ့် ကိစ္စကတော့ ကျုပ်အစီအစဉ်ထဲမှာ မပါဘူး။ ဘရိတ်ပေါက်ပြီး ချုံပုတ်တွေကြားထဲ ကားတရွတ် ဆွဲသွားချိန်မှာ အရှိန်က အတော်များ

တယ်။ ပြည်တွင်းစစ် အထိမ်းအမှတ်ရုပ်တု အောက်ခြေကို ဝင်တိုက်ပြီး မီးတွေ ထလောင်ချိန်မှာ ကားရဲ့ အရှိန်က အောက်ထစ် ငါးဆယ်တော့ ရှိမယ်လို့ မျက်မြင်သက်သေတွေက ဆိုကြသဗျ။

အဖမ်းခံရဖို့ ဆိုတဲ့ ကိစ္စကလည်း ကျုပ်ရဲ့ အစီအစဉ်ထဲမှာ မပါဘူးဗျ ။ အင်းပေါ့လေ၊ ဒါပေမဲ့ ကျုပ်အဖမ်းခံခဲ့ရတယ်။ ဒီနေရာမှာ အကန့်အသတ်မရှိ နေခွင့်ရခဲ့တယ်ပေါ့။ မိန်းပြည်နယ်မှာ က သေဒဏ်မရှိဘူး။ ဒါပေမဲ့ အသက်သုံးချောင်းအတွက် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကို သုံးခါခွဲပြီး ကျခံစေဖို့ အမိန့်ချလိုက်တယ်။ ထောင်ထဲမှာ ကောင်းကောင်း နေလို့ ပြစ်ဒဏ်မစေ့ခင် ခံဝန်နဲ့ လွတ်လာဖို့ တောင် အချိန်အကြာကြီး လိုသေးတယ်ဆိုတဲ့ သဘောပေါ့။

'စက်ဆုပ်ရွံရှာစရာ ကောင်းသော အလွန်ယုတ်မာသည့် ပြစ်မှု'

ကျုပ်လုပ်ခဲ့တဲ့ ကိစ္စကို တရားသူကြီးက ဒီလိုပြောတယ်။

တကယ်လည်း ဟုတ်ပါတယ်လေ၊ အတိတ်မှတ်တမ်းတွေ အဖြစ်လည်း ရှိနေခဲ့တာပေါ့။ 'Castle Rock Call' သတင်းစာဟောင်းတွေရဲ့ ဝါကြန့်ကြန့် စာမျက်နှာတွေကို ပြန်လှန်ရင် ကျုပ် အမှုအကြောင်းကို ခေါင်းစီးစာလုံး မည်းမည်းကြီးတွေနဲ့ ရေးထားတာ တွေ့ရလိမ့်မယ်။ ရုစဖဲ့ရဲ့ အက္ခရာစွပ်ပြုတ် အေဂျင်စီတွေ၊ ဟစ်တလာနဲ့ မူဆိုလီနီတို့ ရဲ့ သတင်းတွေနဲ့ ဘေးကပ်လျက်မှာ ပေါ့ဗျာ။ ရယ်ဖို့ လည်း ကောင်းပါရဲ့ ။

ဒါဖြင့်ရင် ကျုပ် ပြန်လည်ထူထောင် နိုင်ပြီလားလို့ ခင်ဗျားမေးတယ်နော်။ ဒီစာလုံး ဘာအဓိပ္ပာယ်မှန်းတောင် ကျုပ်ကောင်းကောင်း မသိဘူးဗျ။ အနည်းဆုံးတော့ အကျဉ်းထောင်က ကျုပ်ကို လက်ရှိ ပြုပြင်ပေးပြီး သလောက် အနေအထားမှာ ကျုပ်မသိသေးဘူး။ နိုင်ငံရေးသမားတွေရဲ့ စကားလုံးလှလှပဲ ဖြစ်မယ်လို့ တော့ ကျုပ်ထင်နေတယ်။ ဒါပေမဲ့ ဒီစာ

လုံးမှာ တခြားအဓိပ္ပာယ်တွေလည်း ရှိဦးမှာ ပါ။ နောင်တစ်ချိန်တော့ ကျူ ပ် သိလာကောင်းပါရဲ့ ။ ဒါပေမဲ့ နောင်တစ်ချိန် ဆိုတာဟာလည်း အနာဂ တ်ဗျ။ ကျူပ်တို့ အထဲက လူတွေဆိုတာ အနာဂတ်အကြောင်း မတွေးမိဖို့ ကိုယ့်ကိုယ်ကိုယ် အကျင့်လုပ်ထားကြပြီးသား။

ကျူပ်က အသက်ငယ်သေးတယ်၊ ချောတယ်၊ မြို့ရဲ့ ဆင်းရဲသား ရပ်ကွက်ဘက်က လာတာ။ ကာဘိုင်လမ်းထဲက အိမ်အိုအိမ်ဟောင်းကြီး တွေမှာ နေတဲ့ မြာတစ်ပွေကို ကျူပ် ကျိတ်ကြံပစ်လိုက်လို့ ဗိုက်ကြီးသွား တယ်။ သူပိုင်တဲ့ မျက်မှန်ကုမ္ပဏီမှာ အလုပ်ဝင်ပြီး ရိုးရိုးသားသား ကြိုး ကြိုးစားစားနဲ့ တက်လမ်းရှာမယ်ဆိုရင် ကျူပ်တို့ နှစ်ယောက်ကို ပေးစား မယ်လို့ သူ့အဖေကြီးက သဘောတူတယ်။ ဒါပေမဲ့ တကယ်တမ်းကျ တော့ ကိုက်တတ်တဲ့ အရိုင်းအစိုင်း ခွေးတစ်ကောင်ကို မျက်စိဒေါက် ထောက်ပြီး စောင့်ကြည့်မယ့် သဘောမျိုးဆိုတာ ကျူပ်သိလာရတယ်။ မ ကျေနပ်ချက်တွေ၊ အမုန်းတရားတွေ စုပုံလာတဲ့ အခါကျတော့ ကိစ္စတွေ က အခုလို ဖြစ်သွားခဲ့တာပဲ။ ဒုတိယ အခွင့်အရေး ထပ်ပေးမယ်ဆိုရင် ကျူပ် ဒါမျိုး ထပ်လုပ်မှာ မဟုတ်ဘူး ။ ဒါပေမဲ့ ဒီလိုတွေးခြင်းက ပြန်လည်ထူထောင် နိုင်ပြီလို့ ဆိုလိုတာလား၊ ကျူပ် တကယ်ပဲ မသိဘူး။

ထားပါ ဒါတွေကို။ ခင်ဗျားတို့ ကို ပြောပြချင်တာ ကျူပ်အကြောင်း မ ဟုတ်ဘူး ၊ ‘အန်ဒီဒူဖရင့်’ ဆိုတဲ့ လူတစ်ယောက်အကြောင်း ပြောပြချင် တာ။ ဒါပေမဲ့ အန်ဒီ့အကြောင်း မပြောခင်မှာ ကျူပ်အကြောင်းကို နည်းန ည်းပါးပါးတော့ ဆက်ပြောရဦးမယ်။ သိပ်မကြာပါဘူး၊ မပူပါနဲ့ ။

ကျူပ် ခုနက ပြောခဲ့ပြီးသလိုပေါ့လေ၊ ရှောရန့်အကျဉ်းထောင်ကြီးထဲ မှာ ဟိုပစ္စည်း၊ ဒီပစ္စည်းတွေကို ကျူပ် ဖြန့်ဖြူးတင်သွင်းလာတာ နှစ် ပေါင်း လေးဆယ်နီးနီး ရှိခဲ့ပြီ။ စီးကရက်တို့ ၊ ယစ်ရွှေရည်တို့လို တရား

မဝင် ပစ္စည်းတွေကိုချည်း သွင်းတာမျိုးတော့ မဟုတ်ဘူး ဗျ (ဒါပေမဲ့ ဒီပစ္စည်းတွေကတော့ ရောင်းအား အကောင်းဆုံးပေ့ါလေ)။ တခြားပစ္စည်းတွေလည်း အရေအတွက် ထောင်နဲ့ ချီပြီးတော့ကို ကျုပ်သွင်းလာခဲ့တာ။ တချို့ဟာတွေက အပြင်လောကမှာ လုံးဝတရားဝင်ပေမဲ့ ခင်ဗျား အပြစ်ကျူးလွန်လို့ ဆွဲသွင်းခံလိုက်ရတဲ့ ဒီနေရာအထိ အရောက် သယ်လာဖို့ကျတော့ အတော်လေး ခက်တဲ့ သဘောမျိုးတွေလည်း ရှိတယ်။

ဥပမာဗျာ ကျုပ်တို့ အထဲမှာ ထောင်သားတစ်ယောက် ရှိတယ်။ လူမမည် ကလေးမလေး တစ်ယောက်ကို မုဒိမ်းကျင့်တဲ့ အပြင် တခြားကလေးတွေ ရှေ့မှာ လည်း မဖွယ်မရာ လုပ်ပြလို့ ထောင်ကျလာတဲ့ သူ။ သူ့အတွက် ကျုပ် ဘာသွင်းပေးရသလဲ ဆိုတော့ ပန်းရောင် စကျင်ကျောက်သုံးခု သွင်းပေးရတယ်။ ဒီစကျင်ကျောက် တွေကိုသုံးပြီး ချစ်စရာ အရုပ်လေး သုံးရုပ်ကို သူလုပ်တယ်။ ကလေးရုပ်၊ အသက် ဆယ့်နှစ်နှစ်အရွယ်ကောင်လေးအရုပ်၊ မုတ်ဆိတ်ပါးသိုင်းနဲ့ လူငယ်တစ်ယောက် အရုပ်ဆိုပြီး စုစုပေါင်း သုံးရုပ်ပေ့ါ။ 'သခင်ယေရှုရဲ့ အရွယ်သုံးပါး'လို့ တောင် သူက နာမည်ပေးလိုက်သေးတယ်။ အခုတော့ အဲဒီအရုပ် သုံးရုပ်ဟာ ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းရဲ့ ဧည့်ခန်းဆောင်ထဲမှာ ရှိနေလေရဲ့ ။

နောက်တစ်ယောက်က 'ရောဘတ် အလန်ကုတ်' တဲ့ ။ ခင်ဗျားသာ မက်ဆာချူးဆက် မြောက်ပိုင်းမှာ ကြီးပြင်းလာသူ တစ်ယောက်ဆိုရင် ဒီနာမည်ကို ကောင်းကောင်း ကြီး ရင်းနှီးနေလိမ့်မယ်။ ကုတ်ဟာ ၁၉၅၁ မှာ မက်ကန်းနစ် ဖောစ်မြို့က ပထမ စီးပွားကုန်သွယ်ဘဏ်ကို ဓားပြတိုက်ဖို့ ကြိုးစားခဲ့တယ်။ သူ့အုပ်စုထဲက နှစ်ယောက်၊ ဓားစာခံ သုံးယောက်၊ အချိန်အခါမှားပြီး ခေါင်းထောင်ကြည့်မိတဲ့ အတွက် မျက်စိထဲကျည်ဆန်ဖောက်ဝင်သွားတဲ့ ရဲတစ်ယောက်၊ စုစုပေါင်း အသေအပျောက် ခြောက်ယောက်တိတိ ရှိခဲ့တယ်။ ကုတ်ရဲ့ ဝါသနာကပဲ

နိအကြွေစေ့လေးတွေ စုတာ။ ပုံမှန်အားဖြင့်တော့ ထောင်ထဲကို အကြွေစေ့တွေ သွင်းလို့ မရဘူး။ ဒါပေမဲ့ ကုတ်ရဲ့ အမေရယ်၊ ဒိုဘီထရပ်ကားမောင်းတဲ့ ဒရိုင်ဘာရယ်ဆီက အကူအညီ နည်းနည်းယူပြီး ကျုပ်ရအောင် သွင်းပေးခဲ့တယ်။ ကျုပ် သူ့ကိုပြောတယ်၊ ဒီမယ်... ကိုယ့်လူ၊ သူခိုးကြမ်းပိုးတွေနဲ့ ပြည့်နေတဲ့ ဒီကျောက်သားဟိုတယ်ကြီးမှာ အကြွေစေ့တွေ စုမယ်ဆိုတာ ခင်ဗျားရူးနေလို့ ပဲလို့ ။ သူက ကျုပ်ကို တစ်ချက်ပြုံးကြည့်ပြီး ဘာပြန်ပြောတယ် မှတ်သလဲ၊ ဒီအကြွေစေ့တွေကို ဘယ်နေ ရာ မှာ သိမ်းရမယ်ဆိုတာ ကျွန်တော်သိပါတယ်၊ လုံလုံခြုံခြုံ သိမ်းထားမှာ ပါ၊ မပူပါနဲ့ တဲ့ ။ အင်း... သူ့စကား မမှားဘူးဗျ။ ၁၉၆၇ ခုနှစ်မှ ကုတ်တစ်ယောက် ဦးနှောက်ကင်ဆာနဲ့ သာ ကြွသွားတယ်၊ သူ့အကြွေစေ့တွေက လုံးဝပေါ်မလာတော့ဘူး။

ချစ်သူများ နေ့မှာ ချောကလက် သွင်းပေးပါလို့ ခိုင်းတဲ့ လူတွေ ရှိသလို စိန့်ပီတာနေ့ နီးလာရင် မက်ဒေါ်နယ်မှာ ဝယ်လို့ ရတဲ့ အစိမ်းရောင် မစ်ရှိတ်သုံးခွက်ကို 'အိုမဲလေး' ဆိုတဲ့ ခပ်ကြောင်ကြောင် အိုင်းရစ်ငတိ တစ်ကောင်အတွက် သွင်းပေးရတာလည်း ရှိသေးတယ်။ တစ်ခါကဆိုရင် 'Deep Throat' ဓာတ်ရှင်နဲ့ 'The Devil In Miss Jones' ဓာတ်ရှင်တွေကို ညသန်းခေါင်မှာ ခိုးကြည့်ဖို့ တောင် ကျုပ်စီစဉ်ပေးဖူးသဗျာ။ အဲဒီဓာတ်ရှင်တွေငှားပြီး ပါတီပေးဖို့ အတွက်ကိုတော့ လူအယောက် နှစ်ဆယ်က သူတို့ ရှိသမျှလေးတွေ စုရတာပေါ့။ ဒီပျော်စရာ ပါတီလေးကို ကမကထ ပြုတဲ့ အမှုနဲ့ ကျုပ်မှာ တစ်ပတ်လောက် တိုက်ပိတ်ခံလိုက်ရသေးတယ်။ ကိစ္စမရှိပါဘူး၊ အပြင်က ပစ္စည်းတွေ သွင်းမယ်ဆိုရင် ဒါမျိုးလေးတွေက ဖြစ်တတ်သကိုး။

အပြာစာအုပ်တွေ၊ အပြောင်အပြက်လုပ်တဲ့ ကစားစရာ ပစ္စည်းလေးတွေကိုလည်း ကျုပ်သွင်းပေးနိုင်ပါတယ်။ မိန်းမတို့ ၊ ရည်းစားတို့ ရဲ့ ပန်

တီလေးတွေကို သွင်းခိုင်းတဲ့ နှစ်ကြီးသမားတွေလည်း မရှားဘူးဗျ။ ဓားသွားနဲ့ တမြည့်မြည့် ထိုးခွဲချသလို အခံရခက်လှတဲ့ ညတာရှည်တွေကို ဒီပစ္စည်းတွေသုံးပြီး ဘယ်လိုကျော်ဖြတ်မလဲဆိုတဲ့ ကိစ္စကတော့ ခင်ဗျားသဘောပေါက်လိမ့်မယ်လို့ ကျုပ်ထင်တယ်။ ဒါတွေအားလုံးကို ကျုပ်အလကားပဲ တင်သွင်းပေးတာတော့ မဟုတ်ဘူး ။ ဒါပေမဲ့ ကျုပ် ဒီလိုလုပ်တာ ပိုက်ဆံတစ်မျက်နှာတည်းကြောင့်လည်း မဟုတ်ပြန်ဘူး။ ပိုက်ဆံတွေ ရတော့ကော ကျုပ်ဘာသွားလုပ်ရမှာ လဲ။ ကျုပ်ကိုယ်တိုင် ကားဒီးလက်ကား ဘယ်တော့မှ ရှိလာမှာ မဟုတ်သလို ဖေဖော်ဝါရီလမှာ လည်း ဂျမေကာကို နှစ်ပတ်လောက် အပန်းဖြေခရီး သွားလို့ ရမှာ မဟုတ်ဘူး ။ သားသတ်သမားကောင်းတို့ မည်သည် လတ်ဆတ်တဲ့ အသားကိုသာ သူ့ဖောက်သည် များအား ရောင်းပေးရာ၏ ဆိုတဲ့ သဘောအတိုင်းပဲပေါ့။ ရှင်းပါတယ်၊ ကျုပ်မှာ နာမည်ကောင်းလေး ရလာတော့ ဆက်ထိန်းထားချင်တယ်။ ကျုပ်လုံးဝ လက်ရှောင်တဲ့ ပစ္စည်းနှစ်မျိုးပဲ ရှိတယ်။ သေနတ်နဲ့ မူးယစ်ဆေး အကြီးစားတွေ။ ကိုယ့်ကိုယ်ကိုယ် သတ်ဖို့ ပဲဖြစ်ဖြစ်၊ တခြားသူကို သတ်ဖို့ ပဲဖြစ်ဖြစ် ကျုပ်ကူညီမပေးနိုင်ဘူး။ ကျုပ် ကျူးလွန်ခဲ့တဲ့ လူသတ်မှုနဲ့ တင် တစ်သက်စာ ဖူလုံပြီးသား။

ကျုပ်ဆိုတာ ပုံမှန်ကုန်သည် တစ်ယောက်လို့ ပဲ ဆိုကြပါစို့။ ဒါကြောင့်လည်း ၁၉၄၉ ခုနှစ်မှာ ကျုပ်ဆီ အန်ဒီဒူဖရင့် ပေါက်ချ လာပြီး 'ရီတာဟေးဝါ့ဖ်ကို ထောင်ထဲ မှောင်ခိုသွင်းပေးနိုင်မလား' လို့ မေးတော့ 'ပြဿနာမရှိဘူး' လို့ လွယ်လွယ်ပဲ ပြောခဲ့တာပေါ့။ ဒါပေမဲ့ ကျုပ်ထင်တာ လွဲသွားတယ်။

၁၉၄၈ ရှောရှန့်ကို အန်ဒီ စရောက်တဲ့ အချိန်က သူ့အသက် သုံးဆယ်ပဲ ရှိသေးတယ်။ လူကောင်က သေးသေးညှက်ညှက်၊ သပ်သပ်ရပ်ရပ်နဲ့ ရွှေအိုရောင်ဆံပင်၊ လက်သေးသေးသွယ်သွယ် ပိုင်ရှင်ပေါ့။ ရွှေကိုင်း

မျက်မှန်လေးလည်း တပ်ထားသေးတယ်။ ဘယ်အချိန် ကြည့်လိုက် ကြည့်လိုက် လက်သည်းတွေက ညှပ်ထားပြီးသား၊ လက်တွေကလည်း အမြဲသန့်ပြန့် နေတတ်တယ်။ ယောက်ျားတစ်ယောက်ကို ဒီလိုပုံစံမျိုးနဲ့ အမှတ်ရနေမိတာ ရယ်ဖို့ တော့ ကောင်းတယ်၊ ဒါပေမဲ့ ဒီအချက်တွေကြောင့်ပဲ အန်ဒီကို ကျုပ်ပိုသဘောကျမိတာ ဖြစ်မယ်။ သူ့ကိုကြည့်လိုက်ရင် နက်ခ်တိုင်လည်စည်း အမြဲတပ်ထားသင့်တဲ့ ဆိုက်နဲ့ ဂိုက်နဲ့ ။ အပြင်မှာ တုန်းက အန်ဒီဟာ ပေါ့လန်းဘဏ် ခပ်ကြီးကြီးတစ်ခုရဲ့ ဒုဥက္ကဋ္ဌ။ ဘဏ်တွေ တော်တော်များများက ရှေးရိုးစွဲတတ်တယ်ဆိုတဲ့ အချက်နဲ့ ချိန်ထိုးကြည့်ရင် သူ့အသက်အရွယ်နဲ့ ဒီလောက်အနေအထား ရောက်နေတာ မှာ ဆယ်ဆပိုဆိုးတယ်။ နယူးအင်္ဂလန်က လူတွေဆိုတာ ငွေရေးကြေးရေးကိစ္စနဲ့ ပတ်သက်လာရင် ထိပ်ပြောင် ချည့်နဲ့ နေတဲ့ လူမျိုး၊ ဝတ်ထားတဲ့ ဝတ်စုံ ဟန်ကျပန်ကျဖြစ်အောင် ဘောင်းဘီကို တစ်ချိန်လုံး ဆွဲဆွဲတင်နေတတ်တဲ့ လူမျိုး မဟုတ်ရင် မယုံတတ်ကြဘူး မဟုတ်လား။ မျောက်မထားတဲ့ မိန်းမရယ်၊ လင်ငယ်ရယ်ကို သတ်တဲ့ အမှုနဲ့ အန်ဒီ ထောင်ထဲရောက်လာတယ်။

အရှေ့မှာ ကျုပ်ပြောခဲ့ပြီးပြီ ထင်တယ်။ ဒီထောင်ထဲမှာ လူတိုင်းက အပြစ်ကင်းတဲ့ သူတွေချည်းပဲ။ နတ်ပူးချင်ယောင် ဆောင်တဲ့ သူတွေ ပါးစပ်က တတွတ်တွတ် ပြောသလို ဒီထဲက ထောင်သားတွေလည်း တတွတ်တွတ် ပြောကြတယ်။ သံမဏိ အသည်းနှလုံးပိုင်ရှင် တရားသူကြီးတွေကြောင့် အသုံးမကျတဲ့ ရှေ့နေတွေကြောင့်၊ အမှုဆင်ဖမ်းတဲ့ ရဲကြောင့်၊ ဒါမှ မဟုတ် ကံကြမ္မာဆိုးကြောင့် ထောင်ထဲ ရောက်လာရတဲ့ သနားစရာ သားကောင်တွေပေါ့။ ဒါပေမဲ့ ပြောနေတဲ့ စကားလုံးတွေနဲ့ မျက်နှာပေါ်က အမူအရာကတော့ လားလားမှ မဆိုင်လှဘူး။ ထောင်သားအများ စုက ဆန်ကုန်မြေလေးတွေ၊ သူတို့ ကိုယ်တိုင်

အတွက်ရော တခြားလူတွေအတွက်ပါ ဘယ်နည်းနဲ့ မှ ကောင်းကျိုးမ ပေးမယ့်လူတွေ၊ အန်ဒီဒူဖရင့်က အဲဒီလူတွေထဲက တစ်ယောက်ပဲ။ ဒါ တောင် နှစ်တွေ တော်တော်ကြီး ကြာလာမှ သူ့မှာ အပြစ်မရှိကြောင်း ကျုပ်သဘောပေါက်လာတာ။ အကယ်၍ ၁၉၄၇-၄၈ ရဲ့ မုန်တိုင်းထန်တဲ့ ရက်သတ္တပတ် ခြောက်ပတ်အတွင်း အန်ဒီဒူဖရင့်ရဲ့ အမှုကို ကြားနာစစ် ဆေးရတဲ့ ပေ့ါလန်း အထက်ခုံရုံးက ဂျူရီလူကြီးတွေထဲမှာ ကျုပ်သာ တစ်ယောက်အပါအဝင် ဖြစ်ခဲ့မယ်ဆိုရင် ကျုပ်လည်း အန်ဒီဒူဖရင့်မှာ အပြစ်ရှိကြောင်း မဲပေးခဲ့မှာ ပဲ။

အဲဒီအမှုက လူစိတ်ဝင်စားရလောက်တဲ့ အင်္ဂါရပ်တွေနဲ့ လည်း အကု န်ပြည့်စုံနေတာကိုး။ လူသိများ ၊ အပေါင်းအသင်းဆံ့တဲ့ ခပ်ချောချော အမျိုးသမီးတစ်ယောက် (သေပြီ)၊ မြို့ရဲ့ အထင်ကရ အားကစား သမား တစ်ယောက် (သူလည်း သေပြီ)၊ ဝက်ခြံထဲမှာ ကျတော့ နာမည်ကြီး လူင ယ်စီးပွားရေးသမား တစ်ယောက်။ ဒါ့အပြင် သတင်းစာတွေကလည်း မီး လောင်ရာ လေပင့်ကြသေးတယ်။ အမှုကတော့ လယ်ပြင်မှာ ဆင်သွား သလို ထင်းထင်းကြီး ရှင်းနေတဲ့ အမှုပါ။ အမှုစစ်တာလည်း သိပ်မကြာ လိုက်ဘူး။ ခရိုင်ရှေ့နေက လာမယ့်ရွေးကောက်ပွဲမှာ အောက်လွှတ်တော် တစ်နေရာအတွက် ဝင်ပြိုင်ဖို့ အစီအစဉ်ရှိတယ်။ ဒီတော့ လူတွေကြားထဲ မှာ မျက်နှာကောင်း ရချင်တယ်လေ။ ဒီအမှုက ကြည့်ချင်ပွဲ၊ ဆပ်ကပ်ပွဲ လိုပဲ၊ ရာသီဥတုက အေးခဲပြီး ဒီဂရီ သုညအောက် ရောက်နေချိန်မှာ တောင် မနက်လေးနာရီလောက် ထပြီး လူတွေ တန်းစီနေကြတာ။ အမှု စစ်တာကိုကြည့်ဖို့ ၊ ထိုင်ခုံတစ်နေရာစာ သေချာဖို့ အတွက်ပေ့ါ။

ဒီအမှုမှာ အန်ဒီ လုံးဝမငြင်းတဲ့ အချက်တွေရှိတယ်။ ၁၉၄၇ ခုနှစ် ဇွန်လမှာ အန်ဒီရဲ့ အမျိုးသမီး လင်ဒါကိုလင်ဒူဖရင့်ဟာ ဖဲလ်မောက် ဟောလ်စ်ကန်းထရီးကလပ်မှာ ဂေါက်ရိုက်သင်ဖို့ စိတ်ဝင်စားကြောင်း

ထုတ်ပြောခဲ့တဲ့ အချက်၊ တကယ်လည်း လေးလလောက် ဂေါက်ရိုက်သင်ခဲ့တဲ့ အချက်၊ ဖဲလ်မောက်ဟေးလ်စ်ရဲ့ ပရော်ဖက်ရှင်နယ် ဂေါက်သီးသမား ဂလန်းကွမ်က အန်ဒီ့အမျိုးသမီးရဲ့ နည်းပြဆရာဖြစ်တဲ့ အချက်၊ ကွမ်နဲ့ လင်ဒါတို့ ဟာ ချစ်သူတွေ ဖြစ်နေကြကြောင်းကို ၁၉၄၇ ဩဂုတ်လ နှောင်းပိုင်းမှာ အန်ဒီ သိသွားခဲ့တဲ့ အချက်၊ ၁၉၄၇ စက်တင်ဘာလ ၁၀ ရက် နေ့လယ်ခင်းမှာ အန်ဒီနဲ့ လင်ဒါဒူဖရင့်တို့ က တူးတူးခါးခါး ငြင်းခုံ ရန်ဖြစ်ကြတဲ့ အချက်၊ ဒီလိုရန်ဖြစ်ရခြင်း အကြောင်းရင်းဟာ လင်ဒါရဲ့ အိမ်ထောင်ရေး ဖော်ပြန်မှုကြောင့်ဆိုတဲ့ အချက်တွေပေါ့။

ဖောက်ပြန်နေတဲ့ အကြောင်း အန်ဒီသိသွားတာ ဝမ်းသာတယ်လို့ လင်ဒါက ဝန်ခံသတဲ့ ။ ခိုးကြောင်ခိုးဝှက် လုပ်ရတာ စိတ်ကုန်လှပြီလို့ လည်း ပြောသေးတယ်။ ရီနိုမြို့မှာ ကွာရှင်းဖို့ စီစဉ်ထားတဲ့ အကြောင်းလည်း အန်ဒီကိုပြောတယ်။ ရီနိုမှာ မကွာဘဲ ငရဲပြည်မှာ ကွာကြစို့လို့ အန်ဒီက ပြန်အော်တယ်။ ပြီးတော့ လင်ဒါတစ်ယောက် ကွမ်ငှားနေတဲ့ ဂေါက်ကွင်းနားက ဘန်ဂလိုဆီ ထွက်သွားပြီး အဲဒီမှာ ပဲ တစ်ညလုံးနေတယ် ။ အဲ... နောက်တစ်နေ့မနက် ကျတော့ အိပ်ရာထဲမှာ နှစ်ယောက်လုံး သေနေတာကို ကွမ်ရဲ့ သန့်ရှင်းရေး မိန်းမကြီးက တွေ့လိုက်ရတယ်။ တစ်ယောက်ကို သေနတ် လေးချက်စီ ပစ်ခံထားရတယ်။

ဒီနောက်ဆုံးအချက်က အန်ဒီကို ဒုက္ခအပေးဆုံးပဲ။ နိုင်ငံရေး ရည်မှန်းချက် စကားမှာ ပါ အဲဒီအချက်ကို ဇောင်းပေးပြောသွားတယ်။ ထူပူနေတဲ့ အန်ဒရူးဒူဖရင့် တစ်ယောက် ဖောက်ပြန်တဲ့ မိန်းမကို သွေးရူးသွေးတန်းနဲ့ လက်စားချေပစ်တာဟာ ခင်ပွန်းတစ်ယောက် အနေနဲ့ လွန်လှတယ် မဆိုနိုင်ဘူးလို့ သူက ပြောသဗျ။ ဒါဟာ လူ့တန်ဖိုးအရ လက်မခံနိုင်ရင်တောင် နားလည်ပေးနိုင်တဲ့ ကိစ္စ။ ဒါပေမဲ့ အခု လုပ်သွားတဲ့ ပုံစံက သိပ်ကို သွေးအေးလွန်းနေတယ်။ စဉ်းစားကြည့်ပါဦး လူကြီး

မင်းများ ခင်ဗျား၊ ခရိုင်ရှေ့နေက ဂျူရီလူကြီးတွေဘက် လှည့်ပြီး အလန့်တကြား ထအော်တယ်။